မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
THE MYANMAR COUNCIL OF CHURCHES
ECUMENICAL SHARING CENTRE
(601) Pyay Road, University P.O., Kamayut Township, Yangon 11041, Myanmar
Email: info@mccoikom.org Tel. (95)017-513579,537957

စာအမှတ်။ ။ ၁၄၅ / မခသက / အုပ်ချုပ်ရေး။
ရက်စွဲ ။ ။ ၂၀၂၁ခုနှစ်၊ ဧပြီလ (၁၀) ရက်။

"ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခြင်း"

MYANMAR COUNCIL OF CHURCHES OIKOUMENE

သို့

ချစ်ခင်လေးစားအပ်ပါသော အသင်းတော်သူ၊ အသင်းတော်သားများ
မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်)

ကျွန်ုပ်တို့၏ ချစ်လှစွာသော လုပ်ဖော်ဆောင်ဖက်ဖြစ်သူ ဆရာကြီး Rev. Dr. Ngurliana၊ အသက် (၆၁) နှစ်သည် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်းကို ကြားသိရသောကြောင့် ကျန်ရစ်သူ မိသားစု၊ လုပ်ဖော်ဆောင်ဖက်များနှင့် ထပ်တူ ခံစားရပါသည်။

ဆရာကြီးသည် ဘုန်းတော်မဂင်စားမီ အသက်ရှင်စဉ်ကာလ၏ နောက်ဆုံးအချိန်ထိ မိခင်အသင်းတော်နှင့် ကျမ်းစာကျောင်းတော်ကြီး၌ စာချပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး အမှုတော်မြတ် လုပ်ငန်းများ၌လည်းကောင်း၊ Christian Conference of Asia(CCA- Chiang Mai)၌ လည်းကောင်း သာသနာ့တာဝန်များစွာကို ထမ်းဆောင်ခဲ့သူ ဖြစ်ပါသောကြောင့် ယခုလို ရုတ်တရက် ခွဲခွာရခြင်းအတွက် အစားထိုးနိုင်ခြင်းမရှိ ဆုံးရှုံးခြင်းအတိဖြင့် လွန်စွာ ဝမ်းနည်းကြေကွဲ ရပါကြောင်းကို ဖော်ပြလိုပါသည်။

သို့ပါ၍ ဝမ်းနည်းကြေကွဲလျက်ရှိကြသော ကျန်ရစ်သူမိသားစုနှင့် အသင်းသူ၊အသင်းသား တို့အား အသက်သခင်ထာဝရဘုရားသခင်သည် လူတို့ကြံစည်၍ မမှီနိုင်သော ငြိမ်သက်ခြင်းနှင့် နှစ်သိမ့်ခြင်း ကောင်းကြီးမင်္ဂလာကြွယ်ဝစွာ သွန်းလောင်းချပေးတော်မူပါစေဟု မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကြေကွဲဝမ်းနည်းစွာဖြင့်။
တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌။

သိက္ခာတော်ရဆရာမန်းပါမာစတန်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ